http://www.dhammadownload.com

မကောင်းမှုကိုရှောင် ကောင်းမှုကိုဆောင် ဖြူအောင်စိတ်ကိုထား အဲဒါ ဗုဒ္ဓဘုရားရှင်ရဲ့ဆုံးမစကား

၁၂ အုပ်မြောက်
၁ နှစ်ပြည့်

ပန်းချီ ကိုကို စီစဉ်ရေးဆွဲသည့်

ရွှေမောင်

ဓမ္မ ရသ သုတ ရုပ်စုံ

ဆေးရောင်စုံရုပ်ပြ

No.12 July , 2012

Shwe Moung Colourful Mini Comic

ငါးပါးသီလ ဟူသည်

ပိစိကွေး နှင့် ဘုတ်အိမ ပါဝင်သည်

မှန်တာလုပ်၊ ဟုတ်တာပြောတာ "သီလ" ကာယကံ နဲ့ ဝစီကံ (ကိုယ်နဲ့နှုတ်)ကို "သီလ"နဲ့ စောင့်ထိန်းပါ။ ပြုပြင်ပါ။ "သီလ"နဲ့တူတဲ့ အလုပ်ဆိုတာ မရှိပါဘူး။ "သီလ" ဟောက်ပြန်ပျက်စီးရင် "ရုပ်ဆိုးမယ်" ဒါကြောင့်-----ကိုယ့်ကိုယ်ကို "သီလ"နဲ့ အလှဆင်ပါ။

ရွှေဉမင်ဆရာတော်ဘုရားကြီး

၁ သူအသက်လည်း မသတ်ဘဲ အမြဲရှောင်ကြဉ်မည်။

၂ သူဥစ္စာလည်း မခိုးဘဲ အမြဲရှောင်ကြဉ်မည်။

၃ ကာမဂုဏ်လည်း မမှားဘဲ အမြဲရှောင်ကြဉ်မည်။

၄ သေအရက်လည်း မသောက်ဘဲ အမြဲရှောင်ကြဉ်မည်။

၅ လိမ်ညာ၍လည်း မပြောဘဲ အမြဲရှောင်ကြဉ်မည်။

http://www.dhammadownload.com

အပတ်စဉ် တနင်္ဂနွေနေ့တိုင်း "ပိစိကျွေး" တို့ အိမ်မှ ဦးပဉ္ဇင်း "ဦးဇဝန" တို့ကျောင်းသို့ ဆွမ်းပို့လေ့ရှိသည်။

မိခင် ဖြစ်သူနှင့်အတူ "ပိစိကျွေး" တို့ မောင်နှမလည်း အတူပါလာကြပြီး ဦးပဉ္ဇင်း "ဦးဇဝန" ထံ၌ ငါးပါးသီလ ခံယူဆောက်တည်ကြ၏။

"ဩကာသ--ဩကာသ--ဩကာသ--
ကာယက်--ဝစီက်--မနောက်-- -- -- -- --

ရုတ်ခြည်းစီးပြုံးပြုံးနေသော ဘုရားရှင်ကို အရှင်အာနန္ဒာက "အဘယ်ကြောင့် ဘုရားရှင် ပြုံးတော်မူပါသနည်း" ဟု လျှောက်ထားသည်။

ရုတ်ခြည်းစီးပြုံးပြုံးနေသော ဘုရားရှင်ကို အရှင်အာနန္ဒာက "အဘယ်ကြောင့် ဘုရားရှင် ပြုံးတော်မူပါသနည်း" ဟု လျှောက်ထားသည်။

ရုတ်ခြည်းစီးပြုံးပြုံးနေသော ဘုရားရှင်ကို အရှင်အာနန္ဒာက "အဘယ်ကြောင့် ဘုရားရှင် ပြုံးတော်မူပါသနည်း" ဟု လျှောက်ထားသည်။

ရေးဦးစွာ--"ဩကာသ" ကန်တော့ချီးဖြင့်
ညီညာဖျဖျ ရွတ်ဆိုကန်တော့ကြကြပြီးနောက်--

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊
အနုဂ္ဂဟံ ကတ္တာ သီလံ ဒေထ မေ ဘန္တေ။
ဒုတိယမ္ပိ---အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊
အနုဂ္ဂဟံ ကတ္တာ သီလံ ဒေထ မေ ဘန္တေ။
တတိယမ္ပိ---အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊
အနုဂ္ဂဟံ ကတ္တာ သီလံ ဒေထ မေ ဘန္တေ။


အဓိပ္ပါယ်က--
"အရှင်ဘုရား--ဘုရား--တရား--သံဃာ
သရဏဂုံသုံးပါး နှင့်တကွ ငါးပါးသီလ သိက္ခာတော်မြတ်ကို--
တပည့်တော် တောင်းခံပါ၏။ တပည့်တော်အား ငဲ့ညှာထောက်ထား
ချီးမြှောက်သောအားဖြင့် ငါးပါးသီလ--ပေးသနားတော်မူပါ ဘုရား"--
လို့မြန်မာလို နားလည်ထားရမယ်--နော်--

ဘုန်းကြီးက--"ယ မဟံ ဝဒါမိ တံ ဝဒေထ" လို့ပြောရတယ်
မြန်မာလိုဆိုရင်--"ငါဆိုတဲ့အတိုင်း--လိုက်ဆိုကြ" လို့
ပြောတာ--ဒီအခါ--သီလခံယူနေသူတွေက--"အာမဘန္တေ" လို့ပြောရတယ်
မြန်မာလို--"မှန်ပါ--လိုက်ဆိုပါ့မယ်ဘုရား" ပေါ့--

"အာမဘန္တေ"

Cyan Magenta Yellow Black

http://www.dhammadownload.com



http://www.dhammadownload.com

ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
--သူတစ်ပါးအသက်ကို မသတ်ပါဘုရား--



အဒိန္နာဒါနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
--သူတစ်ပါးဥစ္စာကို မခိုးပါဘုရား--





ကာမေသုမိစ္ဆာစာရာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
--သူတစ်ပါး သား မယားတို့ကို မပြစ်မှားပါဘုရား--

မုသာဝါဒါ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
--လိမ်ညာ၍ မဟုတ်မမှန် မပြောပါဘုရား--



သုရာ မေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
--အရက်၊ ဘီယာ မှ အစ မူးယစ်ဆေးဟူသမျှ မသောက်ပါ၊ မမှီဝဲပါဘုရား--



"တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ သာဓုကံ ကတ္တာ အပ္ပမာဒေန သမ္ပာဒေထ"
အဓိပ္ပါယ်က--(သရဏဂုံသုံးပါး နဲ့ တကူ ငါးပါးသောသီလကိုကောင်းစွာ လုံခြုံအောင် စောင့်ထိန်းကြပါ--မမေ့မလျော့--
မပျေါ်မဆသော သတိဖြင့် သီလမြဲအောင်ဆောင်ရွက်နိုင်ကြပါစေ)--လို့--သီလပေးသူကပြောတာ--

သီလယူသူတွေက--
"အာမဘန္တေ" မှန်လှပါဘုရား--လို့
ပြန်ဆိုရတယ်--ဟုတ်ပြီလား

"သံယဿဒေမ"
သံဃာတော်အရှင်မြတ်တို့အား
ရည်ရွယ်၍ ကပ်လှူပါ၏ဘုရား



ထို့နောက်--ဆွမ်းချိုင့်ကို
ရိုသေစွာ ကပ်လှူပြီးနောက်
အမျှဝေလိုက်ကြသည်။



အားလုံး--ကြားကြားသမျှ
အမျှ---အမျှ---အမျှ
ယူတော်မူကြပါကုန်လော့

သာဓု--သာဓု--သာဓု

တင်ပါ့ဘုရား--
တပည့်တော်မ--က အိမ်မှာ--ချက်ရေးပြုတ်ရေး
စိမ်ရဲဦးမှာဖြစ်လို့--ပြန်ပါရစေဦး--ဘုရား--
သား--တို့--သမီးတို့--ဘုန်းဘုန်းပြောတာ
သေသေချာချာ မှတ်ထားနော်--

ဟုတ်ကဲ့--
စိတ်ချပါ--မေမေရဲ့

http://www.dhammadownload.com

ကဲ--ငါးပါးသီလ--ယူပြီးကြပြီ--ဆိုတော့ အချိန်ရတုန်း--ငါးပါးသီလ ဆိုတာ ဘာလဲ--သေသေချာချာ သိရအောင်--နည်းနည်း ရှင်းပြပါ့မယ်--

"သီလ"--ဆိုတဲ့--အဓိပ္ပါယ်ကို--အရင်ပြောမယ်--"သီလ"ဆိုတာ--"သီသ" ဆိုတဲ့--ပါဠိဘာသာကဆင်းသက်လာတဲ့--စကားပဲ "သီသ"ဆိုတာ--"ဦးခေါင်း"ကိုပြောတာ--ဒီတော့--"သီလ"--ဆိုတာ"ဦးခေါင်း" ဆိုတဲ့အဓိပ္ပါယ်ပေါ့

ဟား--ဟား--ငါမရှိရင်--ဘာဖြစ်မလဲ--သိပြီလား

သတ္တဝါတွေမှာ--ဦးခေါင်း မရှိရင် အသက်မရှင်နိုင်ဘူးမဟုတ်လား--ဒီလိုပဲ--"သီလ"စောင့်ထိန်းမှုမရှိသူဟာ "ကုသိုလ်ကောင်းမှု"အားလုံး ပျက်စီး ပျောက်ဆုံးသွားပြီလို့ဆိုလိုတာ

"သီလ"ရဲ့-အဓိပ္ပါယ်ကို "ကောင်းတဲ့အကျင့်"လို့လည်း နားလည်ထားရမယ်--

အဲဒီတော့--ဒကာလေးတို့ အခုဆောက်တည်ထားတဲ့--"ငါးပါးသီလ"ဆိုတာ မကောင်းတဲ့"အကုသိုလ်ဒုစရိုက်"တွေ--မလုပ်ပါဘူးလို့ ပြောထားတာ--မဟုတ်ဘူးလား--

၁။ စာရိတ္တသီလ (ဆောင်ရမည့်သီလ)

၂။ ဝါရိတ္တသီလ (ရှောင်ရမည့်သီလ)

ဟို--တစ်ခါတုန်းက--ဒကာလေးတို့ကို--ဒုစရိုက်(၁၀)ပါးနဲ့ပတ်သတ်ပြီး ရှင်းပြခဲ့ပြီးပြီဆိုတော့--အဲဒီမကောင်းမှုတွေကို ရှောင်ကြဉ်ဖို့အတွက်--"သီလ"ဆောက်တည်ပြီး ထိန်းသိမ်းရမယ်ဆိုတာ--ရှင်းပြမယ်


"သီလ"မှာ"စာရိတ္တသီလ"(ဆောင်ရမယ့်သီလ)နဲ့ "ဝါရိတ္တသီလ"(ရှောင်ရမယ့်သီလ)ဆိုပြီး--(၂)မျိုးရှိတယ်

ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက် ဒုစရိုက်(၁၀)ပါး အကြောင်းကို "ရွှေမောင်း" ရဲ့စံ အမှတ်စဉ်(၄၇)(၅)(၆)တို့တွင် အပြည့်အစုံ ရှင်းလင်းဖော်ပြပြီး ဖြစ်ပါသည်။


http://www.dhammadownload.com

"စာရိတ္တသီလ" (ဆောင်ရမယ့်သီလ)ဆိုတာ--
သားသမီးကျင့်ဝတ်၊ မိဘကျင့်ဝတ်၊ ဆရာကျင့်ဝတ်၊ တပည့်ကျင့်ဝတ်--
မယားကျင့်ဝတ်၊ လင်ကျင့်ဝတ် စတဲ့--လူကျင့်ဝတ်တွေ--ပြီးတော့
စောင့်ထိန်းအပ်တဲ့ ယဉ်ကျေးမှုတွေ--ကို ပြောတာပေါ့

"ဝိစိကွေး" တို့မောင်နှမက--အဲဒီ
လူကျင့်ဝတ်တွေကို--မှတ်မိသလောက်
ပြောပြစမ်းပါဦး--



"သားသမီး ကျင့်ဝတ်(၅)ပါး"
၁။ ကျွေးမွေးမပျက်
၂။ ဆောင်ရွက်စီမံ
၃။ မွေခံထိုက်စေ၊
၄။ လှူမှုဝေ၍
၅။ စောင့်လေမျိုးနှယ်
ဝတ်ငါးသွယ် ကျင့်ဖွယ်
သား/သမီးတို့တာ။




မကောင်းမြစ်တာ၊
ကောင်းရာညွှန်လတ်၊

တင်ပါ့--ဘုရား
"မိဘကျင့်ဝတ်(၅)ပါး"
၁။ မကောင်းမြစ်တာ၊
၂။ ကောင်းရာညွှန်လတ်၊
၃။ အတတ်သင်စေ၊
၄။ ပေးဝေနှီးရင်း၊
၅။ ထိမ်းမြားခြင်းလျှင်
ဝတ်ငါးအင် ဖခင်၊ မယ်တို့တာ။



အတတ်သင်စေ




ပေးဝေနှီးရင်း




ထိမ်းမြားခြင်း



ကျွေးမွေးမပျက်



စောင့်လေမျိုးနှယ်



ဆောင်ရွက်စီမံ

မွေခံထိုက်စေ

လှူမှုဝေ၍

ကဲ--ကဲ--ထားပါတော့--
အဲဒီလို--ကျင့်ဝတ်တွေကို--လူသားတိုင်း--
ပြုလုပ်ရမယ့် ကိစ္စတွေဖြစ်လို့ ဒါကို
"ဆောင်ရမယ့်သီလ" (စာရိတ္တသီလ)လို့
မှတ်ထားကြ---နော်



ပြီးတော့--လူကြီးသူမရှေ့ကဖြတ်လျှောက်တဲ့အခါ
ကိုယ်ကိုညွှတ်ပြီး--လျှောက်ရမယ်--၊ လူကြီး မိဘတွေထက် အရင်
စားဦး စားဖျား မစားဘဲ အရင်ဦးချုပြီးမှ စားရမယ်၊ ဝတ်စားဆင်ယင်မှုအပိုင်းမှာ
မောင်နဲ့ နှမ၊ သားနဲ့အမိ မကြည့်ဝံ့လောက်အောင် သရုပ်ပျက် မဝတ်ကြရဘူး၊
လူကြီးသူမ ရှေ့ ဘုရားစင်ရှေ့ ရဟန်းသံဃာတော်တွေရဲ့ရှေ့မှာ
ဒူးထောင်ပေါင်ကား မနေရဘူး--စတဲ့--ယဉ်ကျေးမှုဆိုင်ရာ
ကျင့်ဝတ်တွေကိုလည်း--(စာရိတ္တသီလ)
"ဆောင်ရမယ့်သီလ"--လို့ မှတ်ထားကြ--

Cyan Magenta Yellow Black

http://www.dhammadownload.com

"ဝါရိတ္တသီလ" ဆိုတဲ့ ရှောင်ကြဉ်ရမယ့် သီလ တွေကတော့--လူပုဂ္ဂိုလ်တွေအတွက် ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ-- စသည်ဖြင့်--ပေါ့--တို့ရဟန်းတွေ စောင့်ရမယ့် ရဟန်းသီလ စသည်ဖြင့် --ရှိတယ်၊ အခု--လူတွေအတွက် နေ့စဉ်ဆောက်တည် ရမယ့် "ငါးပါးသီလ" ကိုပဲ-- ရှင်းပြပါ့မယ်

ငါးပါးသီလထဲက
"ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။"
--သူတစ်ပါးအသက်ကို မသတ်ပါဘုရား--
"အဒိန္နာဒါနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။"
--သူတစ်ပါးဥစ္စာကို မခိုးပါဘုရား--
"ကာမေသုမိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။"
--သူတစ်ပါး သားမယား/လင်သား တွေကို မပြစ်မှားပါဘူးဘုရား--
ဆိုတဲ့--သီလတွေကိုလေ့လာကြည့်ရင်

ဟိုအရင်တစ်ခေါက်တုန်းက ရှင်းပြခဲ့ဖူးတဲ့ "ကာယဒုစရိုက်(၃)ပါး" ပဲမဟုတ်လား--

မှတ်မိပါတယ်ဘုရား-- "သက်သတ်၊ ခိုးမှု၊ ကာမေသု(၃)ခု ကာယကံ" လို့ အတိုမှတ် ထားပါတယ်ဘုရား



အေး--အဲဒီတုန်းက ဥပမာဇာတ်တော်တွေနဲ့ ရှင်းပြခဲ့ပြီးပြီဆိုတော့ ထပ်မရှင်းပြတော့ဘူး--နော်-- ငါးပါးသီလထဲက အဲဒီ(၃)ခုက "ကာယဒုစရိုက်"(၃)ပါးကို မကျူးလွန်မိအောင် ထိန်းသိမ်းပါ့မယ်လို့ --ပြောတာပေါ့



နောက်--လေးခုမြောက် "သီလ" က--ဘာတဲ့--

"မုသာဝါဒါ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။" လိမ်ညာ၍--မဟုတ်မမှန်သောစကားကို မပြောပါဘုရား

ဟောဒီ သီလ ကတော့ "မုသာဝါဒါ" လို့ နှုတ်ကဆိုပြီးသီလယူတာ ဆိုပေမယ့် "ဝစီ ဒုစရိုက်(၄)ပါး" စလုံးကို ရှောင်ကြဉ် ရမယ်--လို့ သိထားကြပါ--နော်

ဝစီ--ဒုစရိုက်(၄)ပါးဆိုတာ "မုသားဆိုပြော--၊ ကုန်းချော ရန်တိုက်--၊ အမိုက်အမဲ ဆဲရေးခြောက်ခြိမ်း၊ အပြိန်းစကား နေ့စဉ်ပွား လေးပါးဝစီကံ" လို့ မှတ်ထားပါတယ်ဘုရား

http://www.dhammadownload.com




http://www.dhammadownload.com



http://www.dhammadownload.com









Cyan Magenta Yellow Black

http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com





http://www.dhammadownload.com



http://www.dhammadownload.com

(၁)စီးပွားဥစ္စာပျက်စီးကုန်ခမ်းခြင်း။
မူးနေတဲ့သူဟာ--သူမှာရှိတဲ့--ရွှေ၊ငွေတွေကို
ဘယ်သူယူလို့ယူမှန်းမသိ--၊ မိမိဥစ္စာပစ္စည်းကို ထိန်းသိမ်း
စောင့်ရှောက်ရမှန်းမသိတော့ဘူးလေ--ဒီလိုနဲ့ကြာလာရင်
မိမိရဲ့စည်းစိမ်ဥစ္စာတွေ အားလုံးကုန်တာပဲပေါ့

(၂)ခိုက်ရန်များခြင်း။
ဒါကလည်းရှင်းပါတယ်--မူးလာပြီဟေ့ဆိုရင်
ဟိုလူကို ရစ်၊ ဒီလူကို ရစ်၊ ထစ်ခနဲဆို--ချမယ်၊ ဖိုက်မယ်၊
ဆဲလိုက်၊ဆိုလိုက်တာကလည်း မိုးမှန်နေတာပဲလေ၊
ဒီတော့--ရန်ဖြစ်၊ အနာတရဖြစ်တော့--ဆေးရုံရောက်၊
အခန့်မသင့်ရင် အသက်ပါသေခဲ့ရတဲ့ ဥပမာတွေ
အများကြီးပါ--


(၃)ရောဂါအမျိုးမျိုးဖြစ်ပွားတတ်ခြင်း။
အရက်၊မူးယစ်ဆေးဝါးသောက်ပါများလာတဲ့အခါ
ကိုယ်ခန္ဓာထဲက ခံနိုင်ရည်စွမ်းအားတွေကျလာပြီး
စောစောစီးစီး အရက်နာကျပြီးသေသူသေ၊
မူးယစ်ဆေးဝါးလွန်ပြီး လျော့သူ--လျော့--
ဒါကြောင့်--အရက်၊ မူးယစ်ဆေးဝါးကို
အချို့က--"မအိုဆေး" လို့ ခွဲခေါ်ကြတာ
ကြားဖူးတယ်မဟုတ်လား--

ငယ်ငယ်ရွယ်ရွယ်နဲ့--
အရက်နာကျပြီးသေရတာဆိုတော့--
အိုတဲ့ထိ အသက်ရှည်ရှည်မနေကြရဘူးလို့
ပြောတာပေါ့--နော်

(၄)လူအများကဲ့ရဲ့ခံရခြင်း။
ဒါကလည်းရှင်းပါတယ်--အရက်သမား
ဆေးသမားကို ပတ်ဝန်းကျင်က ချီးကျူးမှာလား၊
ကဲ့ရဲ့မှာလား၊ အရက်၊ မူးယစ်ဆေးဝါး မူးနေတဲ့လူတစ်ယောက်ဟာ
မလုပ်ဝံ့တဲ့မကောင်းမှု(ဒုစရိုက်)ဆိုတာဘာမှမရှိဘူး--
မိဘ၊ဆရာ၊ သား-သမီး၊ ဇနီး၊ လင်သား၊ မိတ်ဆွေ ဆိုပြီး
ဘာကိုမှခွဲခြား မမြင်တော့ဘဲ--ရိုက်နှက်
သတ်ဖြတ်မိတဲ့အထိ ဖြစ်ကြတယ်လေ

http://www.dhammadownload.com


(၅)အရက်၊အကြောက်ကင်းခြင်း၊
အရက်၊အကြောက်--ဆိုတာပါဋ္ဌိလို "ဟိရိ" နဲ့ "ဩတ္တပ္ပ" ကိုပြောတာ
မကောင်းမှု(ဒုစရိုက်)ပြုရမှာကို ရှက်တတ်တာ--နဲ့ ကြောက်တတ်တာကို
ဆိုလိုတာပေါ့--



အရက်၊မူးယစ်ဆေးဝါး--မူးနေသူတွေဟာ
ဒုစရိုက်(၁၀)ပါး အားလုံးပြုရမှာကို မရှက်၊မကြောက်တော့ဘူးလေ၊
လူသူရှေ့မှာ ပုဆိုးမနိုင်ဘာမနိုင်၊ ဖင်ကြီးကပြောင်လို့
မြင်တဲ့သူတွေကသာရှက်နေတာ--သူတို့က
ရှက်ရကောင်းမှန်းတောင်မသိဘူး



(၆)အသိဉာဏ်ကင်းရခြင်း၊
အရက်၊မူးယစ်ဆေးဝါးသုံးစွဲလို့ မူးနေတဲ့သူတွေဟာ
ဘုရား၊တရား၊သံဃာ၊မိဘ၊ဆရာ ရယ်လို့ ရှိသေရကောင်းမှန်း
မသိလောက်အောင် အသိဉာဏ်ကင်းကွာနေတယ်လေ--
ဒါကတော့ လုပ်သင့်တယ်၊ ဒါကိုတော့မသင့်တော်ဘူးလို့
ခွဲခြားနိုင်တဲ့အသိဉာဏ်တွေလည်း
ပျောက်ကင်းနေကြတယ်--



အခုကာလမှာဆိုရင်--
နိုင်ငံတကာက ကူးစက်လာတဲ့ အကျင့်စရိုက်ဆိုးတွေကို
တို့ မြန်မာတစ်နိုင်ငံလုံး တွေ့နေရပြီလေ--ယောကျ်ားလေးတင်မဟုတ်ဘဲ
မိန်းကလေးတွေကိုပါ ဘီယာဆိုင်၊အရက်ဆိုင်တွေမှာ တွေ့နေကြရပြီ၊
ဒါဟာ--ကောင်းတဲ့ အကျင့်မဟုတ်ဘူး--နော်

ဒီတော့--တို့လူမျိုးတွေဟာ
ဗုဒ္ဓဘာသာ--လို့ ကိုယ့်ကိုယ်ကို ပြောနေကြပေမယ့်
ငါးပါးသီလ လောက်တောင် လုံခြုံအောင်မထိန်းနိုင်သေးရင်
ဗုဒ္ဓရဲ့အဆုံးအမ အတိုင်း မနေနိုင်ကြသေးတာကြောင့်
အလွန်ရှက်စရာကောင်းပါလိမ့်မယ်--

မှတ်ပုံတင်ကပ်ပြားမှာ
ကိုးသွယ်သည့်ဘာသာ=ဗုဒ္ဓဘာသာ ဆိုပြီး
ရေးထားရုံနဲ့ ဗုဒ္ဓဘာသာ စစ်စစ်မဖြစ်သေးဘူးလို့
မှတ်ထားကြပေတော့--နော်

Cyan Magenta Yellow Black

http://www.dhammadownload.com



http://www.dhammadownload.com

အဲဒီ--"မောင်ရိုင်း"ကတော့
မိဘကို စော်ကားမိတဲ့အပြစ်ကြောင့်
သေလွန်ပြီးတဲ့အခါ--"ဦးရော"ပြိတ္တာဖြစ်နေရတဲ့
တောအုပ်မှာပဲ "ပြိတ္တာ"မောင်ရိုင်းဘဝ
ဖြစ်လာရပြန်တယ်--

ပျံတယ်-- ဝဲတယ်--

ပျံတယ်-- ဝဲတယ်--

"မောင်ရိုင်း"က အမေဖြစ်သူရဲ့
ဦးခေါင်းကို ထုရိုက်ခဲ့တဲ့ အပြစ်ကြောင့် ရောမ သံတင်းပုတ်ကြီးကို
ကိုင်ပြီး ကိုယ့်ခေါင်းကို ပြန်ထုနေရသတဲ့--ခေါင်းက အစိတ်စိတ်ကွဲနေတဲ့အထိ
မရပ်မနားထုနေရတာလေဒီလိုနဲ့ နှစ်ပေါင်းများစွာ--
ခံနေရတာပေါ့

ခေါင်း... ခေါင်း...

"မောင်ရိုင်း"ရဲ့ဇနီးဖြစ်သူ
"မလက်တို"ကတော့ ယောကျ်ားမဖြစ်သူ
ချက်ပြုတ်ထားတဲ့ ဟင်းကောင်း သားကောင်းတွေကို
တစ်အိမ်သားလုံး ဘယ်သူမှမစားခင်
အရင်ဦးအောင်ခိုးစားတတ်တဲ့
အကျင့်ရှိသတဲ့လေ--


ဒါကို--သိလို့"မလက်တို"ကို
စွပ်စွဲပြောဆိုကြတဲ့အခါ--သူ ခိုးမစားရပါဘူး--လို့
လိမ်ညာပြောပြန်ရော--ပြီးတော့--

အမလေး--ကျုပ်ကို
စွပ်စွပ်စွဲစွဲ--တော်--ကျုပ်--ခိုးမစားတာအမှန်ပါရှင်--
ကျုပ်--ခိုးစားမိတာမှန်ရင်--နောက်ဘဝတွေမှာ
ကိုယ့်အသားကိုယ်--လှီးစားရသူဖြစ်ရပါစေ--လို့
ကျုပ်ကျိန်ပြောဝံ့ပါရဲ့--တော်

--အဲဒီ"မလက်တို"ကလည်း
သူပြုခဲ့တဲ့-- "အဒိန္နာဒါနာ"မကောင်းမှုနဲ့
"မုသာဝါဒါ"မကောင်းမှုတို့ကြောင့်--အဲဒီဘဝက
သေတဲ့အခါ--ဟိုတောအုပ်မှာပဲ--သူလင်ယောကျ်ား
"မောင်ရိုင်း"တို့နဲ့အတူ--"ပြိတ္တာ"ဖြစ်ရပြန်တယ်
သူကျိန်ပြောခဲ့တဲ့အတိုင်း--သူကျောကုန်းက
အသားကို သူရဲ့ခွန်ထက်တဲ့လက်သည်း
အရှည်ကြီးတွေနဲ့ ကုတ်ဖဲ့စားနေရတဲ့
ပြိတ္တာဘဝဖြစ်ရတာလေ

ခဲ့... ခဲ့...

http://www.dhammadownload.com



http://www.dhammadownload.com

ဒီနေရာမှာ--သီလ စောင့်ထိန်းတာနဲ့
ပတ်သက်ပြီး--အချို့က "အူမတောင့်မှ သီလစောင့်နိုင်မယ်ဟေ့"
ဆိုပြီး--ပြောကြဆိုကြတာတွေ ကြားဖူးမှာပေါ့

အဓိပ္ပါယ်က--စားဝတ်နေရေး အတွက်
ရှာဖွေနေရတာ--ပင်ပန်းလှုန်းလို့--သီလမစောင့်နိုင်ဘူး--လို့
ပြောတာမဟုတ်လား--အဲဒီအယူအဆ--အဲဒီစကားဟာ
ဗုဒ္ဓရဲ့အဆုံးအမကို နားမလည်ကြသူ "လူမိုက်" တွေရဲ့
"ဆင်ခြေ" စကားပဲ--နော်

ဒါကြောင့်--ဘုန်းဘုန်းကတော့
"သီလစောင့်မှ အူမတောင့်လိမ့်မယ်" လို့
ပြောချင်တာပါပဲ--

ပစ္စည်းလာဘ်လာဘတွေ
ပေါများလိုရင်---ဘေးရန်ကင်းရှင်းလိုရင်---
အိုခြင်း၊ နာခြင်း၊ သေခြင်း မရှိတော့တဲ့ "နိဗ္ဗာန်" ကို
မျက်မှောက်ပြုလိုရင်--"သီလ" ကို မကျိုးမပေါက်
လုံခြုံအောင်စောင့်ထိန်းကြပါ--လို့ ဗုဒ္ဓဘုရားရှင်က
ဟောကြား ဆုံးမတော်မူခဲ့တယ်--


အူမတောင့်မှ
သီလစောင့်နိုင်မယ်--ဟေ့--

ဗုဒ္ဓဘာသာဝင်--တစ်ယောက်ဟာ
ပစ္စည်းဥစ္စာ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊
အသက်ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ၊
ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊
အနည်းဆုံး--ငါးပါးသီလကိုလုံခြုံအောင်
စောင့်ထိန်းကြဖို့--အရေးကြီးတယ်လို့
မှတ်ထားကြ--နော်

အဟဲ--
အူမတောင့်ပြီဆိုပေမယ့်
အညောင်းပြေ--အညာပြေ
တစ်ခွက်--တစ်ဖလားလောက်တော့
မော့ရသေးတယ်--

သီလလုံခြုံသူတွေဟာ
--မွန်မြတ်တဲ့ စည်းစိမ်ဥစ္စာတွေ ပြည့်စုံကြရတယ်၊
--ကောင်းတဲ့ဂုဏ်သတင်းနဲ့ ကျော်စောကြရတယ်၊
--ပရိသတ်ရဲ့အလယ်မှာ ရဲရင့်၊ တည်ကြည်၊ ရွှင်လန်းနေကြရတယ်၊
--ဒီဘဝက သေတဲ့အခါ မတွေဝေဘဲ သေရတယ်၊
--သေပြီးတဲ့နောက် အပါယ်မကျဘဲ နတ်ပြည် သို့ ရောက်ကြရတယ်
လို့--ဗုဒ္ဓဘုရားရှင်က ဆုံးမခဲ့တယ်

http://www.dhammadownload.com



ငါးပါးသီလ ကို မစောင့်နိုင်ဘဲ ကျူးလွန်မိကြရင်

၁။ ပါဏာတိပါတ ကံ ရဲ့အပေါ့ဆုံးအပြစ်က--အသက်တိုရလိမ့်မယ်။

၂။ အဒိန္နဒါန ကံ ရဲ့အပေါ့ဆုံး အပြစ်က-- ဥစ္စာတွေပျက်စီးဆုံးရှုံးရလိမ့်မယ်။

၃။ ကာမေသုမိစ္ဆာစာရ ကံ ရဲ့ အပေါ့ဆုံးအပြစ် က--ရန်သူများရတယ်။

၄။ မုသာဝါဒ ကံ ရဲ့ အပေါ့ဆုံးအပြစ်က--မတရားစွပ်စွဲခံရတတ်တယ်။

၅။ ပိသုဏဝါစာ ရဲ့အပေါ့ဆုံး အပြစ်က မိတ်ကောင်းဆွေကောင်းတွေ နဲ့ မိတ်ပျက်ရတယ်။

၆။ ဖရုသဝါစာ ရဲ့အပေါ့ဆုံးအပြစ်က လူတွေ နားထဲမှာ ကြားရဆိုး တဲ့ ငှက်ဆိုးထိုးသံလိုအသံမျိုးဖြစ်ရတယ်။


၇။ သမ္ဖပ္ပလာပ ရဲ့အပေါ့ဆုံးအပြစ်က မိမိစကားကို သူတကာတွေ မယုံကြတာနဲ့ကြုံရတယ်။


၈။ သုရာမေရယ ကံ ရဲ့အပေါ့ဆုံးအပြစ်က အရူးဖြစ်ရတယ်။




http://www.dhammadownload.com


ဗုဒ္ဓဘာသာဝင်တစ်ယောက်
ဖြစ်ပါလျက်နဲ့--ငါးပါးသီလ မစောင့်နိုင်သူတွေကို
၁။ အသက်ရှင်နေပေမယ့် "လူသေ"နဲ့တူတယ်။
၂။ စွန့်ပစ်ရမယ့် "အမှိုက်"နဲ့တူတယ်။
၃။ သေပြီးပုပ်နေတဲ့ "အကောင်ပုပ်"နဲ့တူတယ်။
၄။ "ဦးခေါင်းမရှိတဲ့လူ"နဲ့တူတယ် လို့--ဆိုတယ်။








သီလ--ရဲ့--အကြောင်းရင်းခံကတော့
"ဟိရီ"--မကောင်းမှုပြုရမှာကို ရှက်တတ်ရမယ်
"ဩတ္တပ္ပ"--မကောင်းမှုပြုရမှာကို
ကြောက်တတ်ရမယ်



http://www.dhammadownload.com



၁။ သူသက်သတ်ဖြတ် သက်တိုလတ်၊ မသတ် အသက်ရှည်။
၂။ ခိုးသူ ငတ်မွဲ၊ မခိုးဘဲ အမြဲချမ်းသာမည်။
၃။ သူသား သမီး ဖျက်ဆီး နှ ဝဲ၊ ဖြစ်မြဲ နပုံး၊ လူဖြစ်ရှုံး၍
အဆုံးရောင်ရန်၊ အကျိုးပြန်၊ ဧကန်ရနိုင်သည်။
၄။ လိမ်ပြောသူများ၊ စကားမအောင်၊ ပုပ်ဟောင်ပါးစပ်၊ မွေးလတ် သမီး၊
ရုက်ဖွယ်ကြီးမို့၊ အပြီးရောင်ရန်၊ အကျိုးပြန်၊ ဧကန်ရနိုင်သည်။
၅။ သောက်စား မူးယစ် ၊ အရူး ဖြစ်ပြန်၊ သိဉာဏ် ထိုင်းမှိုင်း၊ လူတိုင်းစက်ဆုပ်၊
အယုတ်ရောင်ရန်၊ အကျိုးပြန်၊ ဧကန်ရနိုင်သည်။
* ငါးပါးသီလ၊ လုံခြုံက၊ မုချ အပါယ် လွတ်နိုင်သည်။
* ငါးပါးသီလ၊ မလုံက၊ မုချ အပါယ် လားနိုင်သည်။



ကျေးဇူးတင်ရှိပါသည်

"ရွှေမောင်း" ဓမ္မရသသုတရုပ်စုံ ဆေးရောင်းစုံရုပ်ပြ ကို စီစဉ်ရေးဆွဲရာတွင် အကောင်းဆုံးဖြစ်အောင် လမ်းညွှန် အကြံပေးခဲ့ကြသည့် ဆရာတော်ကြီးများ၊ ဓမ္မစာပေ သင်တန်းနည်းပြ ဆရာကြီး၊ ဆရာမကြီးများ၊ ဓမ္မမိတ်ဆွေများအား အထူးကျေးဇူးတင်ရှိပါသည်။

စာဖြင့်တစ်နည်း၊ ဖုန်းဖြင့်တစ်သွယ်၊ လူကိုယ်တိုင်လာရောက်ခြင်းဖြင့်တစ်မျိုး "ရွှေမောင်း" ဓမ္မရသသုတရုပ်စုံ အပေါ် ခိုးကျူး၊ ဝေဖန် သုံးသပ်ပေးခဲ့ကြသော ဆရာ-ဆရာမများ၊ ကျောင်းသားမိဘများ၊ ဓမ္မစာပေဖြန့်ချိရေးအရောင်းဆိုင်များအား အလှူန့်အလှူန်ကျေးဇူးတင်ရှိပါသည်ခင်ဗျား။

အထူးသဖြင့်--မိမိအား ပန်းချီပညာရပ်လေ့လာဆည်းပူးခြင်းအတွက် အားပေးကူညီပေးခဲ့ကြသည့် ကွယ်လွန်သူမိဘနှစ်ပါးကို အလှူန်ကျေးဇူးတင်မိပါသည်။ ပန်းချီပညာရပ်ကို သင်ကြားပေးခဲ့သည့် အစ်ကိုရင်းဖြစ်သူ "ကာတွန်းသန်းထွန်း" (အပါလွင်၊ ထွန်းမင်းလတ် ရုပ်ပြကာတွန်များ ရေးဆွဲသူ)အားလည်းကောင်း၊ ဆရာကြီး ဦးဘလုံလေး၊ ဆရာကြီး ရှေ့ဦးလှကြည်၊ ဆရာကြီး ဦးလွန်းကြွယ်၊ မြင်ဆရာများဖြစ်ကြသည့် ဆရာကြီးဦးဘကြည်၊ ဆရာကြီး ဦးစိန်၊ ဆရာကြီး ကာတွန်းဦးဖေသိန်း တို့အားလုံးကိုလည်းကောင်း ဤ"ရွှေမောင်း"ရုပ်စုံဖြင့် ဂါရဝပြု အပ်ပါသည်။

"ရွှေမောင်း" ဓမ္မရသသုတရုပ်စုံ ကို အဆင့်မြင့် အဂီကောင်းဆုံးဖြစ်အောင် ပုံနှိပ်ပေးလျက်ရှိသည့် သုငယ်ချင်း ကိုမောင်မောင်နိုင် "မေတ္တာမိုး" ပုံနှိပ်တိုက် မိသားစုများအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း။

သူတော်ကောင်းတော် တရားမြတ်
လွှမ်းပတ်ကမ္ဘာတည်ပါစေ
ပန်းချီ
ဖုန်း ၀၉၅၀၆၀၁၀၇


http://www.dhammadownload.com

အလိုတော်ပြည့်စာပေမှ ထွက်ရှိပြီးစာအုပ်များ


ရွှေမောင်း အမှတ်စဉ် (၁)
ဇူလိုင်လ၊ ၂၀၁၁
"ဩကာသ--ဟူသည်"



ရွှေမောင်း အမှတ်စဉ် (၂)
သြဂုတ်လ၊ ၂၀၁၁
"ဇရဲ--ဟူသည်"



ရွှေမောင်း အမှတ်စဉ် (၃)
စက်တင်ဘာလ၊ ၂၀၁၁
"ပြိတ္တာ--ဟူသည်"




ရွှေမောင်း အမှတ်စဉ် (၄)
အောက်တိုဘာလ၊ ၂၀၁၁
"ကာယဒုစရိုက်--ဟူသည်"




ရွှေမောင်း အမှတ်စဉ် (၅)
နိုဝင်ဘာလ၊ ၂၀၁၁
"ဝစီဒုစရိုက်--ဟူသည်"




ရွှေမောင်း အမှတ်စဉ် (၆)
ဒီဇင်ဘာလ၊ ၂၀၁၁
"မနောဒုစရိုက်--ဟူသည်"



ရွှေမောင်း အမှတ်စဉ် (၇)
ဇန်နဝါရီလ၊ ၂၀၁၂
"ကောသလမင်းကြီး၏
အိပ်မက်(၁၆)ချက်"




ရွှေမောင်း အမှတ်စဉ် (၈)
ဖေဖော်ဝါရီလ၊ ၂၀၁၂
"နှစ်ကျိပ်ရှစ်ဆူ--ဟူသည်"
(ပထမပိုင်း)



ရွှေမောင်း အမှတ်စဉ် (၉)
မတ်လ၊ ၂၀၁၂
"နှစ်ကျိပ်ရှစ်ဆူ--ဟူသည်"
(ဒုတိယပိုင်း)



ရွှေမောင်း အမှတ်စဉ် (၁၀)
ဧပြီလ၊ ၂၀၁၂
"နတ်ပြည်(၆)ထပ်--
ဟူသည်"



ရွှေမောင်း အမှတ်စဉ် (၁၁)
ဇွန်လ၊ ၂၀၁၂
"ခင်ပွန်းကြီး(၁၀)ပါး--
ဟူသည်"



ရွှေမောင်း အမှတ်စဉ် (၁၂)
ဇူလိုင်လ၊ ၂၀၁၂
"ငါးပါးသီလ--ဟူသည်"



လေး မှာယူလိုသူများ အတွက် ဖော်ပြပါနှုန်းအတိုင်း ငွေကြိုသွင်းစနစ်ဖြင့်မှာယူပါက (ရန်ကုန်မြို့တွင်းသာ) အိမ်အရောက် ငွေကောက်ခံ၍ လစဉ် ပို့ပေးပါမည်။

စာပို့ခများ ဈေးနှုန်းကြီးမြင့်လာမှုကြောင့် နယ်/ရပ်ဝေးသို့ လေးမပို့ပေးနိုင်သည့်အတွက် အနှုံးအညွှတ်တောင်းပန်အပ်ပါသည်။

၆လစာ(၆-အုပ်)အတွက်	၃၀၀၀ ကျပ်
၁၂လစာ(၁၂-အုပ်)အတွက်	၆၀၀၀ ကျပ်

မှတ်ချက်။ ။ ပို့ဆောင်ရသည့် အခက်အခဲကြောင့် ၂၀၁၂ ဇူလိုင်လမှ စတင်၍ (၆)လစာမှာယူခြင်း ကို တစ်ဦးချင်း လက်မခံနိုင်တော့ဘဲ အနည်းဆုံး(၂)ဦးစာ မှာယူမှသာ (၆)လစာ ပို့ပေးနိုင်ပါမည်။

အထူးကျေးဇူးတင်ရှိပါသည်။

"ရွှေမောင်း" ဓမ္မရသ သုတ ရုပ်စုံ (လစဉ်ထုတ် ဆေးရောင်စုံရုပ်ပြ)စာအုပ်ကို ၂၀၁၂ ဇူလိုင်လ အမှတ်စဉ်(၁)မှစ၍ အမှတ်စဉ်(၁၂)တိုင်အောင် ဝယ်ယူအားပေးခဲ့ကြသော ကျောင်းသား၊ ကျောင်းသူလူငယ်များ၊ ဆရာ၊ဆရာမများ၊ ကျောင်းသားမိဘများ၊ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းမှ သင်တန်းသား/သူများ၊ သင်တန်းတာဝန်ခံဆရာ/ဆရာမများ၊ ဗုဒ္ဓဘာသာစာပေသင်တန်းများမှ သင်တန်းသား/သူ များ၊ သင်တန်းနည်းပြဆရာကြီး၊ ဆရာမကြီးများ၊ သင်တန်းတာဝန်ခံပုဂ္ဂိုလ်များ အားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

စေတနာအပြည့်ဖြင့် ဖြန့်ချိရောင်းချပေးခဲ့ကြသော ဗုဒ္ဓဘာသာစာပေဖြန့်ချိရေး အရောင်းဆိုင်များ၊ စာပေအရောင်းဆိုင်များ၊ ဂျာနယ်အရောင်းဆိုင်များနှင့် ကူညီဖြန့်ချိရောင်းချပေးခဲ့သူများအားလုံးကို လည်း အထူးကျေးဇူးတင်ရှိပါကြောင်း။

အထူးအစီအစဉ်

"ရွှေမောင်း" ဓမ္မရသ သုတ ရုပ်စုံ ကို စာသင်ကျောင်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ မှ အလိုရှိပါလျှင် အထူးနှုန်းဖြင့် ဈေးနှုန်းလျှော့ကာ ရောင်းချပေးလျက်ရှိပါသည်။ စောင်ရေ(၁၀၀)နှင့် အထက် "ဓမ္မဒါန ပြုလိုသူများအတွက် အလှူရှင်အမည် ကို ထည့်သွင်းပုံနှိပ်ပေးမည်ဖြစ်ပြီး (ရန်ကုန်မြို့တွင်း)မှာယူသူများကို အိမ်တိုင်ရာရောက် ပို့ဆောင်ပေးပါမည်။ အနယ်နယ်အရပ်ရပ် မှ မှာယူလိုသူများကို စောင်ရေ (၁၀၀) အထက်မှာယူလျှင် ပို့ဆောင်ခ အပါအဝင် စာအုပ်တန်ဖိုးကို ကြိုတင်ငွေပို့ စနစ်ဖြင့်မှာယူနိုင်ပါသည်။

ငွေကြိုတင်ပို့ခြင်းအတွက် မွေးပြူရေးနှင့်ရေလုပ်ငန်းဘဏ်(ရွှေဗဟိုပလာဇာ)တာမွေဘဏ်ခွဲ ။ M.O.B (ပန်းဆိုးတန်းဘဏ်ခွဲ၊ မင်္ဂလာဈေး ဘဏ်ခွဲ) ။ ကမ္ဘောဇဘဏ်(တာမွေ မင်္ဂလာဈေး ဘဏ်ခွဲ) သို့ "ငွေလွှဲ" ပေးပို့နိုင်ပြီး ငွေလွှဲပေးပို့ခြင်းအား

"အလိုတော်ပြည့်စာပေ" ဦးစိုးပိုင်၊ မှတ်ပုံတင်အမှတ် ၁၂/တာမန(နိုင်)၀၅၂၀၉၇ ။ ဒေါ်မြင့်မေ၊ မှတ်ပုံတင်အမှတ် ၁၂/တာမန(နိုင်)၀၄၂၁၉၅ ။ ဖုန်း ၀၉ ၅၀၆၀၁၀၇ ။ ၀၉ ၇၃၀ ၅၄၇၅၉ သို့ ဆက်သွယ်ပေးပို့စေလိုပါသည်။

တန်ဖိုး ၅၀၀ ကျပ်

အထူးသတိပြုရန်မှာ စာအုပ်မှာကြားသည့်အခါ ပေးပို့ရမည့်ဆိပ်စာ အပြည့်အစုံ၊ ဖုန်းနံပါတ် နှင့် ပေးပို့ရမည့် စာအုပ်အမှတ်စဉ် ကို ဖော်ပြပေးရမည်ဖြစ်ပါသည်။

ပြည်လုံးကျွတ်ဖြန့်ချိရေး

အလိုတော်ပြည့် စာပေ

အမှတ်(၂၇)-၅လွှာ၊ ၁၅၆ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၆၀၁၀၇ ။ ၀၉ ၇၃၀ ၅၄၇၅၉ ။

ထုတ်ဝေသူ ဦးဟန်စိန်၊ ကျိုက်တော်လစဉ်၊ ၀၄၁၂၇၊ အတွင်း နှင့် မျက်နှာဖုံးပုံနှိပ်သူ ဒေါ်ခင်စီ(၀၁၄၀၀)မေဘ္ဘာဖိုးပုံနှိပ်တိုက်၊ ၂၀၁၂ ၊ ဇူလိုင်လ ၊ ပထမအကြိမ် ၊ အုပ်ရေ(၅၀၀) ၊ တန်ဖိုး (၅၀၀)ကျပ်။

Cyan Magenta Yellow Black